မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၅] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၂၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

**ပြည်နယ် ဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးဆွန်းဒုတ်ကျင့် အား ချင်းပြည်နယ် ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၂၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်ချိုမာမြင့် အား ၎င်း၏သဘောဆန္ဒအလျောက် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၅ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာအေးထွန်း အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

**ပြည်နယ် ဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစိုင်းကျော်ဇံ အား ရှမ်းပြည်နယ် ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးရဲမြင့် အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ချာလီသန်း အား စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်)

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတို့အား အမျိုးသား လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် အား အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

**အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာတရားရုံး၌ တရားစွဲဆိုထားခြင်းနှင့် ပတ်သက်၍ တရားရင်ဆိုင်ရေးကိစ္စရပ်များတွင် တာဝန်ယူကွပ်ကဲနိုင်ရေးအတွက် **အပြည်ပြည်ဆိုင်ရာ**

တရားရုံး (International Court of Justice – ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဦးဝဏ္ဏမောင်လွင်<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးကိုကိုလှိုင်<br>ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာသီတာဦး<br>ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဝင်းရှိန်<br>ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်း<br>စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်မျိုးထွဋ်<br>ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဇ) | ဒေါ်ခင်ဦးလှိုင်<br>အဖွဲ့ဝင်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

၂။ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice–ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဦးဆောင်ကော်မတီသည် လိုအပ်သောမူဝါဒများကို ချမှတ်ပေးရမည်။

(ခ) ဦးဆောင်ကော်မတီသည် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

(ဂ) ဦးဆောင်ကော်မတီသည် Provisional Measures–PM နှင့်ပတ်သက်သည့် အစီရင်ခံစာကို သတ်မှတ်ချိန်များအတွင်း တင်ပြနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

(ဃ) ဦးဆောင်ကော်မတီသည် အစီရင်ခံစာရေးသားရာတွင် လိုအပ်သောအချက်အလက်များရရှိရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းပေးရမည်။

(င) ဦးဆောင်ကော်မတီ၏ လိုအပ်သောအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် အသုံးစရိတ်များကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ကျခံရမည်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၄၆/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

### ကျောင်းကျန်းမာရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်ကချမှတ်ထားသော အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ပါဝင်သည့်ကျောင်းကျန်းမာရေး စီမံချက်လုပ်ငန်းများကို နှီးနွှယ်ဦးစီးဌာနများနှင့်ညှိနှိုင်း၍ ကြီးကြပ်ဆောင်ရွက်ရန်နှင့် ကျောင်းသားလူငယ် တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေးတို့အတွက် ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် **ကျောင်းကျန်းမာရေး ဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | နာယက |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | နာယက |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဎ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ဏ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(တ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ) — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
(မိခင်ကလေး၊ မျိုးဆက်ပွား၊ ကျောင်းကျန်းမာ၊ အာဟာရ)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူး (ကျောင်းကျန်းမာရေး) — အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူး (ပညာ) — တွဲဖက်အတွင်းရေးမှူး(၁)
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(န) ဒုတိယညွှန်ကြားရေးမှူး(ကျောင်းကျန်းမာရေး) — တွဲဖက်အတွင်းရေးမှူး(၂)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၂။ ကျောင်းကျန်းမာရေးဇဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျောင်းကျန်းမာရေးလုပ်ငန်းနှင့်ပတ်သက်သည့် မူဝါဒများနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ခ) ကျောင်းကျန်းမာရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် နီးနွှယ်ဌာနများ၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ)၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ဗဟိုအဆင့် ကျောင်းကျန်းမာရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို နှစ်စဉ် သို့မဟုတ် လိုအပ်သလို ကျင်းပပြုလုပ်ခြင်း၊

(ဃ) ကျောင်းကျန်းမာရေးလုပ်ငန်းအတွက် လိုအပ်သည့်အရင်းအမြစ်များ ရရှိရေးအတွက် ညှိနှိုင်းခြင်းနှင့် လမ်းညွှန်ခြင်း၊

(င) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့် ကျောင်းကျန်းမာရေးကော်မတီများကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၄၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

### နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ (National Payment System Governing Committee) ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၏ငွေပေးချေရေးလုပ်ငန်းများကို မဟာဗျူဟာအဆင့်တွင် ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ (National Payment System Governing Committee)** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဍ) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

(ဎ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စာရင်းဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂။ နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီတွင် ပါဝင်သော ဝန်ကြီးဌာန၊ ဦးစီးဌာနအလိုက် ပေါင်းစပ်ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | ဝန်ကြီးဌာန/ဦးစီးဌာန | အကျိုးအကြောင်းဖော်ပြချက် |
|---|---|---|
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | – အမျိုးသားငွေပေးချေမှုစနစ်မဟာဗျူဟာ (၂၀၂၀–၂၀၂၅) ပါ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊<br>– အာဆီယံစီးပွားရေးအသိုက်အမြုံ (AEC) 2025 ရည်မှန်းချက်ပါ Financial Integration အတွက် အကောင်အထည်ဖော်ရမည့် WC–PSS ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန်၊<br>– ပြည်တွင်းငွေပေးချေမှုစနစ်ကိုပီပြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊<br>– ပြည်တွင်းပုဂ္ဂလိကဘဏ်များ မိုဘိုင်းငွေပေးချေမှုစနစ်များအကြား ငွေပေးချေမှု ကွန်ရက်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊<br>– ငွေပေးချေမှုအတွက် စံများ၊ လုပ်ထုံးလုပ်နည်းများသတ်မှတ်ရန်၊<br>– ကော်မတီ၏ ဦးဆောင်မှုဖြင့် Agenda များ စီစဉ်ရန်။ |

| စဉ် | ဝန်ကြီးဌာန/ဦးစီးဌာန | အကျိုးအကြောင်းဖော်ပြချက် |
|---|---|---|
| ၂ | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန | - ငွေပေးချေမှုစနစ် (CBM-NET) ကို အသုံးပြု၍ အခွန်ကောက်ခံမှုများကို ထိရောက်စွာ ဆောင်ရွက်ရန်၊<br>- ပြည်သူမှ အစိုးရ (P2G) နှင့် အစိုးရမှ ပြည်သူ (G2P) ငွေပေးချေမှုများကို Electronic နည်းလမ်းဖြင့် အပြည့်အဝ ဆောင်ရွက်ရန်၊<br>- နိုင်ငံပိုင်ဘဏ်များနှင့် အစိုးရဌာနများအကြား ငွေပေးချေမှုများကို အီလက်ထရောနစ်စနစ် အသုံးပြု၍ ဆောင်ရွက်နိုင်ရန်အတွက် တွန်းအား ပေးရန်။ |
| ၃ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | - ပြည်တွင်းမိုဘိုင်းဖုန်းကွန်ရက်များမှ ငွေကြေးဝန်ဆောင်မှုများ (Mobile Financial Service) ဆောင်ရွက်ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ဖြင့် ပူးတွဲ၍ လိုအပ်သော ကြီးကြပ်မှုများ ပြုလုပ်ရန်။ |
| ၄ | အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန | - E-ID ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန်၊ |
| ၅ | စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန | - E-commerce နှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများနှင့် ပေါင်းစပ် ဆောင်ရွက်ရန်၊<br>- E-commerce အတွက် ပေးချေမှုများပြုလုပ်ရာတွင် Formal Payment များကို ပိုမိုအသုံးပြုလာနိုင်ရန်။ |
| ၆ | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန | - နိုင်ငံခြားခရီးသွားများ၏ ဟိုတယ်နှင့် အခြားဝန်ဆောင်မှုများအတွက် ငွေပေးချေမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊ |
| ၇ | ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအကြံဉာဏ်ပေးရေး ဦးစီးဌာန | - Payment System Law အကောင်အထည်ဖော်ရေးဆွဲနိုင်ရန် ဥပဒေပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေါင်းစပ်ဆောင်ရွက်ရန်၊ |
| ၈ | ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန | - ငွေပေးချေမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် စွမ်းရည်ပြည့်ဝသည့် နည်းဗျူဟာတည်ထောင်ရန်၊ |
| ၉ | ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့ | - သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုနှင့် ငွေကြေးခဝါချမှုဆိုင်ရာ ထိန်းချုပ် ကွပ်ကဲရေးကိစ္စရပ်များအတွက် ပူးပေါင်းပါဝင်ရန်၊ |

၃။ နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားငွေပေးချေမှုစနစ်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) အာဆီယံစီးပွားရေးအသိုက်အမြုံ (ASEAN Economic Community - AEC) 2025 ပေါင်းစည်းရေး လုပ်ငန်းစဉ် (ASEAN Economic Instigation) များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော်၏အမျိုးသားငွေပေးချေမှုများအား အီလက်ထရောနစ်ပေးချေမှုနည်းလမ်းများဖြင့် ဆောင်ရွက် နိုင်ရန်၊

(ဃ) အများပြည်သူ၏ နေ့စဉ်ငွေပေးချေမှုများတွင် ငွေသားအသုံးပြုမှုလျှော့ချပြီး၊ Digital နည်းလမ်းများဖြင့် ထိထိရောက်ရောက်လက်တွေ့အသုံးချသည့် ငွေပေးချေမှုစနစ်ဖြစ်ရေးအတွက် နိုင်ငံတော်အဆင့်မှ ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ဖော်ဆောင်ရန်၊

( င ) ငွေပေးချေမှုစနစ်များအား ပြည်သူများအတွက် ဝန်ဆောင်မှုစရိတ်သက်သာစွာအသုံးပြုနိုင်ရေး လိုအပ်သော စီမံမှုများပြုလုပ်ရန်၊

( စ ) ငွေပေးချေမှုစနစ်များ လုံခြုံရေးနှင့် ပြည်သူလူထု၏ယုံကြည်မှုရရှိရေး စီစဉ်ဆောင်ရွက်ရန်၊

(ဆ) ပြည်သူမှ တရားမဝင်ငွေပေးချေမှုဝန်ဆောင်မှုလုပ်ငန်းများအား မိမိနိုင်ငံ၏ ငွေပေးချေမှုစနစ်အောက်တွင် ပါဝင်လာစေရေးဆောင်ရွက်ရန်၊

( ဇ ) ခေတ်မီငွေပေးချေမှုနည်းလမ်းများ၊ အီလက်ထရောနစ်ငွေကြေးများ စနစ်တကျပေါ်ပေါက်အသုံးပြုနိုင်ရန်နှင့် ဝန်ဆောင်မှုပေးသူနှင့် ရယူအသုံးပြုသူများအား ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်မည့် ငွေပေးစနစ်ဥပဒေတစ်ရပ်ပေါ်ပေါက်ရန်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ စာအမှတ်၊ ၁၁၂ (၁)/ ၈/ သမ္မတရုံးဖြင့် ဖွဲ့စည်းခဲ့သည့် **နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ** ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အစားထိုးဖွဲ့စည်းခြင်း**

၁။ **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ** တွင် လစ်လပ်လျက်ရှိသော ကောင်စီဝင်များ အစားထိုး ရွေးချယ်ခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါပုဂ္ဂိုလ် (၃) ဦးအား သတင်းမီဒီယာနည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (က) အရ အစားထိုးဖွဲ့စည်းလိုက်သည်–

(က) ဒေါ်ခင်သန်းနွဲ့ (မမလားရှိုး)

( ခ ) ဦးနေလင်း (မောင်ချိုဝေ)

( ဂ ) ဦးစိုးမင်း

၂။ ယင်းပုဂ္ဂိုလ်တို့၏ ကောင်စီဝင်သက်တမ်းသည် နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (က) ပါအတိုင်း ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (ပုသိမ်) ပါမောက္ခချုပ် ဒေါက်တာခင်မာလာထွန်း ကို အဆင့်မြင့်ပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (ဘားအံ) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းစိုး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့် ကို လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်သန်းညွန့် အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရပ်စဲခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၂၁ ဖြင့် အစားထိုးဖွဲ့စည်းပေးခဲ့သော **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ** မှ ကောင်စီဝင် ဒေါက်တာတင်မောင်ထွေး (ဒေါက်ထွေး ဆေး-မန်း) အား သတင်းမီဒီယာဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) အရ နုတ်ထွက်သည့်နေ့မှစ၍ ကောင်စီဝင်အဖြစ်မှ ရပ်စဲလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

**ဥပဒေဘာသာပြန်ကော်မရှင် တွဲဖက်အတွင်းရေးမှူး ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **ဥပဒေဘာသာပြန်ကော်မရှင်** တွင် တွဲဖက်အတွင်းရေးမှူးကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| တွဲဖက်အတွင်းရေးမှူး | **အစား** | တွဲဖက်အတွင်းရေးမှူး |
| ဦးကပ်တလွန်း | | ဒေါ်နော်စေးဝါးဖော |
| ညွှန်ကြားရေးမှူး | | ညွှန်ကြားရေးမှူး |
| ဥပဒေဘာသာပြန်ဌာန | | ဥပဒေစိစစ်ရေးဦးစီးဌာန |
| ပြည်ထောင်စုရှေ့နေချုပ်ရုံး | | ပြည်ထောင်စုရှေ့နေချုပ်ရုံး |

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဗိုလ်မှူးကြီး အောင်သိုက်ထွန်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးဇော်ဇော်<br>ဒုတိယပါမောက္ခချုပ် (စီမံ)<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၅၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

### နိုင်ငံခြားရေးရာမူဝါဒကော်မတီ တွဲဖက်အတွင်းရေးမှူး ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် **နိုင်ငံခြားရေးရာမူဝါဒကော်မတီ** တွင် ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနအား တွဲဖက်အတွင်းရေးမှူးအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

**မြန်မာ – ထိုင်း နယ်နိမိတ်မြစ်များဆိုင်ရာ နည်းပညာကျွမ်းကျင်ကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **မြန်မာ – ထိုင်း နယ်နိမိတ်မြစ်များဆိုင်ရာ နည်းပညာကျွမ်းကျင်ကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ကိုယ်စားလှယ်တစ်ဦး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူး<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူး<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ကိုယ်စားလှယ်တစ်ဦး<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>သက်ဆိုင်ရာခရိုင်/ မြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယတပ်မှူး<br>ရေတပ်ပင်မတိုင်းတာရေးတပ် | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>နယ်နိမိတ်ဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာ – ထိုင်း နယ်နိမိတ်မြစ်များဆိုင်ရာ နည်းပညာကျွမ်းကျင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ပေးသော မူဝါဒဘောင်အတွင်း မြန်မာ–ထိုင်း နယ်နိမိတ်မြစ်များတွင် မြန်မာနိုင်ငံ၏ သဘောတူညီမှုမပါဝင်ဘဲ ထိုင်းဘက်က တစ်ဖက်သတ် မြေထိန်းနံရံများဆောက်လုပ်ခြင်း၊ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောက်လုပ်နေခြင်းများကို ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် ပူးတွဲကွင်းဆင်းစစ်ဆေးခြင်း၊

(ခ) ပူးတွဲကွင်းဆင်းစစ်ဆေးတွေ့ရှိချက်ကိုအခြေပြု၍ နှစ်နိုင်ငံသဘောတူဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေခြင်း၊

(ဂ) မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့်တုံ့ပြန်ဆောင်ရွက်နိုင်မည့် သို့မဟုတ် အဆိုပြုနိုင်မည့် နည်းလမ်းများ ရှာဖွေခြင်း၊

(ဃ) ရှာဖွေတွေ့ရှိခဲ့ပြီး မိမိဘက်ကလက်ခံနိုင်ဖွယ်ရှိသော ရရှိလာသည့်နည်းလမ်းများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသို့ ထောက်ခံတင်ပြခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၅၆/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြ ထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာဝင်းဝင်းသန်း<br>ဒုတိယပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာသန်းသန်းဦး<br>ဒုတိယပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၁၅၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်း ကို အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၁၅၈/ ၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၅ ရက်)

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်–

| | | |
|---|---|---|
| (က) | ဒေါက်တာမျိုးသန့်တင် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးအုန်းမောင် (မြင်းမူ–မောင်နိုင်မိုး) | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | ဦးတင်မောင်ဦး | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဦးမင်းဟန် | ဘဏ္ဍာရေးမှူး |
| ( င ) | ဦးသက်နိုင်ဦး | စာရင်းစစ် |
| ( စ ) | ဦးခင်မောင်အေး (KMA) | ကောင်စီဝင် |
| (ဆ) | ဦးဌေးအောင် | ကောင်စီဝင် |
| ( ဇ ) | ဒေါက်တာအေးမင်း | ကောင်စီဝင် |
| (ဈ) | ဦးမောင်မောင်မြင့်အေး | ကောင်စီဝင် |
| (ည) | ဒေါ်မြင့်မြင့်သိန်း | ကောင်စီဝင် |
| ( ဋ ) | ဦးနေထွန်းဝင်း | ကောင်စီဝင် |
| ( ဌ ) | ဒေါ်ချိုအိဇင် (ခ) နွေဦးလင်း | ကောင်စီဝင် |
| ( ဍ ) | ဦးတင်မောင်ထွေး | ကောင်စီဝင် |
| ( ဎ ) | ဒေါ်ခင်သန်းနွဲ့ (မမလားရှိုး) | ကောင်စီဝင် |
| (ဏ) | ဦးစိုးမင်း | ကောင်စီဝင် |
| (တ) | ဦးနေလင်း (မောင်ချိုဝေ) | ကောင်စီဝင် |
| (ထ) | ဦးမျိုးထွန်း (မောင်စိမ်းနှောင်–လယ်ဝေး) | အတွင်းရေးမှူး |
| ( ဒ ) | ဦးရဲနိုင်စိုး | တွဲဖက်အတွင်းရေးမှူး (၁) |
| ( ဓ ) | ဦးအောင်ပြည့်စုံ | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ ယင်းပုဂ္ဂိုလ်တို့၏ ကောင်စီဝင်သက်တမ်းသည် နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (က) ပါ အတိုင်းဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်–

၁။ ဤနည်းဥပဒေများကို **ဥပဒေဆိုင်ရာအထောက်အကူပေးရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၃ တွင် ပါရှိသော "ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ" ဆိုသည့် စကားရပ်ကို "ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၄ တွင် ပါရှိသော "ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဇ) အရ" ဆိုသည့် စကားရပ်ကို "ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၈) အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၅ တွင် ပါရှိသော "ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဆ) အရ" ဆိုသည့် စကားရပ်ကို "ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၇) အရ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင်များ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၆ တွင် ပါရှိသော "ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဈ) အရ" ဆိုသည့် စကားရပ်ကို "ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၉) အရ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ရှေ့နေလေးဦး" ဆိုသည့် စကားရပ်ကို "ရှေ့နေတစ်ဦး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၁၀ တွင် ပါရှိသော "ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ" ဆိုသည့် စကားရပ်ကို "ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၁၁ တွင် ပါရှိသော "ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ) နှင့် (စ) အရ" ဆိုသည့် စကားရပ်ကို "ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄) နှင့် (၆) အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၁၂ တွင် ပါရှိသော "ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (င) အရ" ဆိုသည့် စကားရပ်ကို "ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) အရ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အဖွဲ့ဝင်များ" ဆိုသည့် စကားရပ်ကို "အဖွဲ့ဝင်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၁၃ တွင် ပါရှိသော "ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) အရ" ဆိုသည့် စကားရပ်ကို "ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၇) အရ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ရှေ့နေလေးဦး" ဆိုသည့် စကားရပ်ကို "ရှေ့နေတစ်ဦး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၁၀။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် မိမိရွေးချယ်ထားသော သူများ၏ အမည်စာရင်းများကို ကိုယ်ရေးအချက်အလက်များ၊ ရွေးချယ်ရသည့် ကျိုးကြောင်းဖော်ပြချက်များ ပူးတွဲလျက် ဌာနအသီးသီးနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီထံမှ ပေးပို့လာသော အမည်စာရင်းများနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ **ပြည်ထောင်စုတရားသူကြီးချုပ်၏ သဘောတူညီချက်ဖြင့်** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့် ထုတ်ပြန်၍ ဖွဲ့စည်းရမည်။"

၁၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၁၇ ၊ နည်းဥပဒေခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၁၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၇။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများက ဥပဒေဆိုင်ရာအထောက်အကူ ရယူလိုသည့်အခါ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် နည်းလမ်းများကို သတ်မှတ်ပေးရမည်။"

၁၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၂၈ ကို ပယ်ဖျက်ရမည်။

၁၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၄၁ တွင် ပါရှိသော "ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ အကြံပေးပုဂ္ဂိုလ်များ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ၊ နည်းဥပဒေ ၅၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၅၇။ ဥပဒေပုဒ်မ ၄၈၊ ပုဒ်မခွဲ (ခ) အရ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သဘောတူညီချက်ဖြင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၃၉၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၀ ရက်)

## တာဝန်မှရပ်စဲခြင်း

အောက်ဖော်ပြပါ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့အား ယနေ့မှစ၍ တာဝန်မှရပ်စဲလိုက်သည်–

| | | |
|---|---|---|
| (၁) | ဦးညာဏ်ဝင်း | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဟိုး | အဖွဲ့ဝင် |
| (၃) | ဦးကျော်ငွေး | အဖွဲ့ဝင် |
| (၄) | ဦးကျော်စိုးဗိုလ် (ခ) ဦးကျော်စိုး | အဖွဲ့ဝင် |
| (၅) | ဦးမောင်မောင်လှသောင်း (ခ) ဦးလှသောင်း | အဖွဲ့ဝင် |

(၆) ဦးသိန်းထွန်း အဖွဲ့ဝင်

(၇) ဦးခင်ဇော် အတွင်းရေးမှူး

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၂၁) ၏ သဘောတူညီချက်အရ ဤကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာန၊ မူဝါဒနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမင်းသောင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ အရ အထူးကိစ္စရပ်အနေဖြင့် မူဝါဒနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာန၏ လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ သတင်း၊ တိုင်ကြားစာနှင့် စုံစမ်းစစ်ဆေးရေးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ အရ တိုးမြှင့်ခန့်ထားသည့် ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

တင်ဦး
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

### အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်(၁)<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအားလုံး | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ပြည်တွင်းအကူအညီများကို စီမံခန့်ခွဲခြင်းနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ပေးအပ်ပါက ပြည်ပအကူအညီများကိုပါ စီမံခန့်ခွဲဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လူထုပညာပေးအစီအစဉ်များနှင့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေး စီမံဆောင်ရွက်ရန်၊

(ဃ) သဘာဝဘေးကြိုတင်ခန့်မှန်းခြင်းစနစ်နှင့် ကြိုတင်သတိပေးမှုစနစ် ထူထောင်ရေး ကြိုတင်သတိပေးစနစ်မှ သတိပေးချက်ရရှိလာချိန်တွင် အချိန်မီအောက်ခြေအထိ ဆက်လက်အသိပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊

(င) သဘာဝဘေးအရွယ်အစားအရ၊ လုပ်ငန်းစဉ်အလိုက် ပါဝင်ဆောင်ရွက်ပေးရမည့် ဌာနများ၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) လုပ်ငန်းကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ကူညီပံ့ပိုးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ဖြင့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်း အရှိန်အဟုန်ကိုမြှင့်တင်ရန်၊

(ဆ) သဘာဝဘေးကြုံတွေ့ချိန်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း ဆောင်ရွက်မှုများ၌ အမျိုးသားကော်မတီရုံးအဖြစ် တာဝန်ယူဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးစီမံခန့်ခွဲမှုစက်ဝန်းပါ လုပ်ငန်းကဏ္ဍများအလိုက် လိုအပ်သော ဥပဒေများ၊ စီမံချက်များ၊ လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် ဗဟိုချက်အဖြစ် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပံ့ပိုးကူညီခြင်းတို့ဖြင့် တာဝန်ယူဆောင်ရွက်ရန်၊

(ဈ) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတိုင်းတွင် သဘာဝဘေးလျော့ပါးရေး အစီအမံများပါဝင်ရေး၊ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ည) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖြစ်ပွားလေ့ရှိသောဘေးအမျိုးအစား၊ ဖြစ်ပွားလေ့ရှိသောအချိန်ကာလ၊ ဒေသ၏အရင်းအမြစ်နှင့် ဒေသလိုအပ်ချက်များပေါ်မူတည်၍ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံချက်များ၊ လုပ်ငန်းအစီအမံများရေးဆွဲရာတွင် လိုအပ်သောနည်းပညာ၊ ကျွမ်းကျင်မှု၊ ငွေကြေး၊ ပစ္စည်းစသည့် အရင်းအမြစ်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန်၊

(ဋ) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေးအတွက် နည်းပညာ၊ ပစ္စည်းကိရိယာ၊ ငွေကြေးစသော အရင်းအမြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လုပ်ငန်းကော်မတီများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ပေးရန်၊

(ဌ) ဘေးဖြစ်ပွားမှုနှင့် ထိခိုက်ဆုံးရှုံးမှုအတိုင်းအတာအလိုက် အမျိုးသားကော်မတီရုံး ဖွင့်လှစ်လုပ်ငန်းဆောင်ရွက်နိုင်ရေး၊ ရှေ့တန်းကွပ်ကဲမှုစခန်းများ ဖွင့်လှစ်နိုင်ရေးတို့အတွက် စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(ဍ) သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတကာနည်းပညာများ စဉ်ဆက်မပြတ်ရရှိစေရန်အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းနှင့် ပြည်တွင်း ပြည်ပသင်တန်းကျောင်းများ၊ တက္ကသိုလ်များ၊ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဎ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဏ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(တ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၁)

## နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးအန္တရာယ်ကျရောက်သည်နှင့် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများအားလုံးနှင့် ပြည်တွင်းရှိ နိုင်ငံခြားသံရုံးများအား ချက်ချင်းအသိပေး၍ သတင်းထုတ်ပြန်ခြင်း၊ အကူအညီအထောက်အပံ့များ တောင်းခံရယူခြင်းများကို ဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ လျော့ပါးစေရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် နိုင်ငံတကာအသိုက်အဝန်းမှ အကူအညီများရရှိအောင် ကြိုတင်ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးရန်၊

(ဂ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးနှင့်ဆက်နွယ်သည့် ကုလသမဂ္ဂ၊ အာဆီယံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတကာမှ နိုင်ငံအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ အလှူရှင် များ၏ ကူညီပံ့ပိုးသောအထောက်အပံ့ပစ္စည်းများအား သဘာဝဘေးသင့်ဒေသများသို့ ထိရောက်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(င) ပြည်ဝင်ဗီဇာထုတ်ပေးနိုင်ရေး၊ လေဆိပ်တွင် လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး၊ လေယာဉ် ဖြတ်သန်းခွင့်၊ ဆင်းသက်ရပ်နားခွင့်ရရှိရေး၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့မှတစ်ဆင့် ဝင်ရောက်လာသည့်အခါ အခွန်ကင်းလွတ်ခွင့်ရရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘာဝဘေးအတွေ့အကြုံဖလှယ်မှုများမှတစ်ဆင့် မြန်မာနိုင်ငံ အတွက် လိုအပ်သောပြင်ဆင်ဆောင်ရွက်မှု၊ ပညာပေးမှု၊ ပြန်လည်ထူထောင်ပေးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့အတွက် အခါအားလျော်စွာ သုံးသပ်အကြံပြုသွားရန်၊

(ဆ) ပြည်ပရောက် သဘာဝဘေးသင့် မြန်မာနိုင်ငံသားများအတွက် လိုအပ်သောကူညီထောက်ပံ့မှုများအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဇ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလအချိန်အခါနှင့် လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဈ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ည) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန် များကို အခြားလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၁)

## ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေ ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငွေတိုက်ဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဈ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် နိုင်ငံတော်မှထည့်ဝင်ငွေ၊ ပြည်တွင်း ပြည်ပမှ လှူဒါန်းငွေများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအလိုက် စနစ်တကျထိန်းသိမ်း ထုတ်ပေးဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်အလိုက်လိုအပ်သည့် ရန်ပုံငွေများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှ တစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီသို့ လျာထားတင်ပြရန်၊

(ဂ) လျာထားမှုပြုပြီးသော ရန်ပုံငွေများကို ချက်ချင်းသုံးစွဲနိုင်ရေးအတွက်လည်းကောင်း၊ ရန်ပုံငွေလျာထားချက် မရှိဘဲ အရေးပေါ်ဆောင်ရွက်ရန် လိုအပ်သောရန်ပုံငွေထပ်မံခွဲဝေလျာထားခြင်းနှင့် ကျခံသုံးစွဲခြင်းများ အတွက်လည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ဆုံးဖြတ်ချက်ကို အလျင်အမြန်ရယူဆောင်ရွက်ရန်၊

(ဃ) ရန်ပုံငွေများသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ကိုက်ညီစေရေးအတွက် ကြပ်မတ်ကွပ်ကဲသွားရန်နှင့် စာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ငွေစာရင်းများကို စနစ်တကျရှိစေရေး ဆောင်ရွက်ရန်၊

(င) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ရရှိပြီးဖြစ်သော အသုံးစရိတ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသို့လည်းကောင်း အလျင်အမြန်လွှဲပြောင်းပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) ရန်ပုံငွေများရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်စာရင်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊

(ဆ) သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သောပစ္စည်းများဝယ်ယူရာတွင် စနစ်တကျရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက လိုအပ်သော ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်အကျိုးရှိစေရန်အတွက် ပစ္စည်းဝယ်ယူရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်းတာဝန်ပေးဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေအရ ဖွင့်လှစ်ထူထောင်ထားသော တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှု ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းများရေးဆွဲအသုံးပြုထိန်းသိမ်း၊ သုံးစွဲဆောင်ရွက်နိုင်ရေး လိုအပ်သောအထောက်အကူများ ပံ့ပိုးခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်ရန်၊

(ဈ) ပြည်ပနိုင်ငံများ၏ဘေးဖြစ်ပွားမှုနှင့် ထိခိုက်ဆုံးရှုံးနိုင်မှုအတိုင်းအတာအလိုက် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရေးပံ့ပိုးဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဌ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၁)

## ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | စစ်ဦးစီးအရာရှိချုပ် (ကြည်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ရဲဦးစီးအရာရှိချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ **ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစီမံချက်ကို အချိန်အခါ၊ အခြေအနေနှင့် အမြဲကိုက်ညီမှုရှိစေရေးအတွက် မပြတ်သုံးသပ်ရေးဆွဲဆောင်ရွက်ရန်၊

(ခ) သဘာဝဘေး (ရေဘေး၊ လေဘေး၊ ဆူနာမီဘေး၊ မီးဘေး၊ ငလျင်ဘေး စသည်) အလိုက် ဖြစ်နိုင်ဖွယ်ရှိသော ဒေသနှင့် လူဦးရေများအား လေ့လာ၍ ဘေးဒုက္ခသည်များအား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ အတွက် လူအင်အား၊ စက်ယန္တရား၊ ပစ္စည်းကိရိယာ၊ စက်သုံးဆီစသည်တို့ ပြင်ဆင်ထားခြင်း၊ ဒေသ အလိုက် မြေပြင်အနေအထားပေါ်မူတည်၍ ဒုက္ခသည်များ တိမ်းရှောင်ခိုလှုံနိုင်သောနေရာများ၊ အသက်ရှင်နေထိုင်ရန်လိုအပ်သောရိက္ခာ၊ ပစ္စည်းအခြေအနေများအား ကြိုတင်လေ့လာပြီး အရေးပေါ် အခြေအနေတွင် အမြန်ဆုံးရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ထားရန်၊

(ဂ) ငလျင်ဘေး၊ မီးဘေး၊ မြေပြိုဘေး စသည့်ဘေးများကြောင့် ပိတ်မိနေသောဒုက္ခသည်များအား ရှာဖွေ ကယ်ဆယ်နိုင်ရေးအတွက် ဒေသအလိုက် အထူးအဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ရန်၊

(ဃ) အရေးပေါ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများ၊ အစိုးရ ဌာနများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ် ခံစားနေကြရသူများ အသက်ဘေးမှလွတ်မြောက်စေရန်နှင့် အသက်ရှင် ကျန်နေသူများအားလုံး ဆက်လက်ရှင်သန်နိုင်ရေးအတွက်ထိရောက်သောအရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ကို ပြည်တွင်း ပြည်ပ ပူးပေါင်းဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရန်၊

(စ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပြီးသည်နှင့် ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး၊ နေရာချထားရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(ဆ) ပြည်ပမှအကူအညီလိုအပ်သည်ဟုဆုံးဖြတ်သော ကိစ္စရပ်များအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ထားရန်နှင့် စုဖွဲ့ လေ့ကျင့်ထားရန်၊

(ဇ) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော ဒေသများအပါအဝင် ကမ္ဘာတစ်ဝန်းနိုင်ငံများ၏ သဘာဝဘေးဖြစ်ပွားမှုများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အထူးလုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ နှစ်ဖက်ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့် ပါဝင်ကူညီခြင်းတို့အတွက် စနစ်တကျဖွဲ့စည်းလေ့ကျင့်ပြင်ဆင်ထားရန်၊

(ဈ) ဘေးအမျိုးအစားအလိုက် နေရာဒေသအလိုက် လိုအပ်သောရှာဖွေကယ်ဆယ်ရေးနည်းပညာများ၊ ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများရရှိစုဆောင်းထားနိုင်ရေးအတွက် ပြည်တွင်း ပြည်ပ အတွေ့အကြုံများ၊ ပညာရှင်များ၏ အကြံဉာဏ်များကိုရယူကာ နှစ်စဉ်စီမံကိန်းများတွင် ထည့်သွင်းတောင်းခံခြင်း၊ တီထွင်ထုတ်လုပ်ခြင်း၊ စမ်းသပ်အသုံးပြုခြင်းတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးနည်းပညာနှင့် ကျွမ်းကျင်မှုမြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဌ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
အောင်ထွန်းခိုင်၊ အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

### ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၂၁) အရ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဂံ-ညောင်ဦး ကမ္ဘာ့အမွေအနှစ်ဒေသ၊ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ရေရှည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) **ရန်ပုံငွေစိစစ်သုံးစွဲရေးလုပ်ငန်းကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) တိုင်းဒေသကြီးကောင်စီဝင် — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(၃) ခရိုင်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၄) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အဆောက်အဦ အထူးအဖွဲ့ (၇)၊ ညောင်ဦးမြို့
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**ရန်ပုံငွေစိစစ်သုံးစွဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

- ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး၊ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်၍ ရန်ပုံငွေသုံးစွဲခွင့်ပြုရန်၊
- ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး၊ ကာကွယ်ရေး၊ ရေရှည်စီမံထိန်းသိမ်းရေးလုပ်ငန်းများနှင့်ဆက်စပ်သည့် လုပ်ငန်းများတွင်သာ အသုံးပြုနိုင်ရေး စိစစ်ရန်၊
- အမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်မသက်ဆိုင်သည့် အခြားလုပ်ငန်းများတွင် အသုံးပြုခြင်း မရှိစေရေး စိစစ်ဆောင်ရွက်ရန်၊
- ရန်ပုံငွေ သုံးစွဲမှုဆိုင်ရာ မှန်ကန်စေရေး လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များ စိစစ် ချမှတ်ပေးရန်၊
- ရန်ပုံငွေများ တိုးပွားစေရန် မူဝါဒချမှတ်၍ အပ်နှံထိန်းသိမ်းရန်နှင့် နောင်ရေရှည်သဘာဝ ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်လျာထား ဆောင်ရွက်သွားရန်။

( ခ ) **ပြင်ဆင်ပြုပြင်ထိန်းသိမ်းတည်ဆောက်ရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) တိုင်းဒေသကြီးကောင်စီဝင် — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(၃) ကိုယ်စားလှယ် — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၆) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အဆောက်အဦ အထူးအဖွဲ့ (၇)၊ ညောင်ဦးမြို့
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**ပြင်ဆင်ပြုပြင်ထိန်းသိမ်းတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

- ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် UNESCO နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊
- ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ထိခိုက်ပျက်စီးမှု နည်းပါးစေရန်၊ နည်းလမ်းမှန်ကန်သော ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်နိုင်စေရေး ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊
- ပုဂံဒေသအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရန်နှင့် ရေရှည်စီမံခန့်ခွဲရေး အတွက် ပြည်တွင်း ပြည်ပ နည်းပညာအကူအညီများအတွက်ပါ စိစစ်၍ ဦးစီးကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊
- ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ UNESCO ၏ Conservation Guide Line များနှင့်အညီဆောင်ရွက်ရန်၊
- ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်း၍ လျော်ညီသော ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန်၊
- သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ၊ ကြိုတင် အားဖြည့်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ တုံ့ပြန်ရန်အစီအစဉ်များ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအဖွဲ့ ဖွဲ့စည်းရန်နှင့် ကြိုတင်လျာထား စီမံထားရန်၊
- ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ထိန်းသိမ်းစီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်မည့် လုပ်ငန်းများကို စိစစ်ကြီးကြပ်ခွင့်ပြုပေးရန်။

(ဂ) **လုပ်ငန်းနှင့် ငွေစာရင်းစစ်ဆေးရေးဆပ်ကော်မတီ**

(၁) မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ — ဥက္ကဋ္ဌ
ဥက္ကဋ္ဌ က တာဝန်ပေးအပ်သော ကောင်စီဝင် (၁) ဦး

(၂) ခရိုင်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၄) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ညောင်ဦးခရိုင်စာရင်းစစ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၅) မြို့နယ်အုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး
ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

**လုပ်ငန်းနှင့် ငွေစာရင်းစစ်ဆေးရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

- ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သုံးစွဲမှု ရှိ မရှိ စိစစ်ရန်၊
- လုပ်ငန်းပမာဏနှင့် သုံးစွဲခဲ့သည့်လုပ်ငန်းပမာဏ ညီညွတ်မျှတမှု ရှိ မရှိ စိစစ်ရန်၊
- လိုအပ်ပါက လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်သည့် နေရာများသို့ ကွင်းဆင်းကာ ခန့်မှန်းခြေတွက်ချက်မှုတင်ပြသည့်အတိုင်း သုံးစွဲမှု ရှိ မရှိ၊ စံချိန်စံညွှန်းမီ အသုံးပြုခြင်း ရှိ မရှိ စိစစ်ရန်။

(ဃ) **လုံခြုံရေးဆပ်ကော်မတီ**

(၁) ရဲမှူးကြီး — ဥက္ကဋ္ဌ
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
မန္တလေးတိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(၂) ခရိုင်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၄) ခရိုင်သာသနာရေးဦးစီးမှူး — အဖွဲ့ဝင်
ညောင်ဦးခရိုင်သာသနာရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၅) မြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၆) ရဲမှူး — အဖွဲ့ဝင်
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများလုံခြုံရေးရဲတပ်ဖွဲ့၊ ညောင်ဦးမြို့
ပြည်ထဲရေးဝန်ကြီးဌာန

(၇) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန

(၈) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

(၉) ဥက္ကဋ္ဌ — အဖွဲ့ဝင်
သက်ဆိုင်ရာဘုရားဂေါပက၊ ညောင်ဦးမြို့

(၁၀) ဒုတိယရဲမှူးကြီး — အတွင်းရေးမှူး
ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်ထဲရေးဝန်ကြီးဌာန

**လုံခြုံရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

- ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသအတွင်းကို ပြုပြင်တည်ဆောက်လျက်ရှိသည့် ဘုရား-ပုထိုး၊ စေတီတော်များ၊ သာသနိကအဆောက်အအုံများနှင့်ပတ်သက်၍ လုံခြုံရေး စီမံချက်ရေးဆွဲ ကြီးကြပ်ဆောင်ရွက်ရန်၊
- ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ဆုံးမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊
- ပြည်တွင်း ပြည်ပ ခရီးသွားများအား သတ်မှတ်စည်းမျဉ်းများ လိုက်နာစေရေးနှင့် စည်းကမ်းတကျ လေ့လာသွားလာနိုင်ရေး စီစဉ်ကြီးကြပ်ပေးရန်၊
- အခြားဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းရန်။

၂။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ
ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်)

**သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ အခန်း (၅)၊ ပုဒ်မ (၉)၊ ပုဒ်မခွဲ (ဃ) အရ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးရန်နိုင်ထွန်း — ဥက္ကဋ္ဌ
ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)

(ခ) ဦးအောင်သန်းဦး — ဒုတိယဥက္ကဋ္ဌ (၁)
အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ဂ) ဒေါ်ချိုချိုဝင်း — ဒုတိယဥက္ကဋ္ဌ (၂)
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( င ) ခရိုင်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ရန်ကုန်တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

( စ ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
(ရန်ကုန်တိုင်းဒေသကြီး)
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) One Stop Service တွင် ပါဝင်သောအောက်ပါဌာနမှ ကိုယ်စားလှယ်များ

| | | |
|---|---|---|
| (၁) | အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (၂) | ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | အလုပ်သမားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | အဖွဲ့ဝင် |
| (၉) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၁၁) | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | လိုအပ်ချက်အရ ထပ်မံဖြည့်စွက်သည့်ဌာန | အဖွဲ့ဝင် |

( ဇ ) ပြည်တွင်း ပြည်ပမှ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးများ — အဖွဲ့ဝင် (လိုအပ်သလို)

(ဈ) ဒေါ်စိုးစိုးအေး — အတွင်းရေးမှူး
အထွေထွေမန်နေဂျာ (ငြိမ်း)
မြန်မာ့ဆေးဝါးလုပ်ငန်း

(ည) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး (၁)
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဋ ) ဒေါက်တာသန်းသန်းသွယ် — တွဲဖက်အတွင်းရေးမှူး (၂)
ညွှန်ကြားရေးမှူး
မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များအတိုင်းဖြစ်ပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၂၁)

## ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ အခန်း (၅)၊ ပုဒ်မ (၉)၊ ပုဒ်မခွဲ (ဃ) အရ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးမြင့်သိန်း<br>ဒုတိယဝန်ကြီး (ငြိမ်း)<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဦးစံရွှေမောင်<br>အဖွဲ့ဝင်<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | ဦးဝင်းမြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ပြည်နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ရခိုင်ပြည်နယ်)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်တာဝန်ခံ<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရခိုင်ပြည်နယ်)<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( ဇ ) One Stop Service တွင် ပါဝင်သော အောက်ပါဌာနမှ ကိုယ်စားလှယ်များ

| | | |
|---|---|---|
| (၁) | အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (၂) | ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | အလုပ်သမားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

(၆) အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန အဖွဲ့ဝင်

(၇) စက်မှုဝန်ကြီးဌာန အဖွဲ့ဝင်

(၈) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ဝင်

(၉) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

(၁၀) မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဖွဲ့ဝင်

(၁၁) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အဖွဲ့ဝင်

(၁၂) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အဖွဲ့ဝင်

(၁၃) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အဖွဲ့ဝင်

(၁၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အဖွဲ့ဝင်

(၁၅) လိုအပ်ချက်အရ ထပ်မံဖြည့်စွက်သည့်ဌာန အဖွဲ့ဝင်

(ဈ) ပြည်တွင်း ပြည်ပမှ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အကြံပေးများ အဖွဲ့ဝင် (လိုအပ်သလို)

(ည) ဒေါက်တာကျော်ဆန်းဦး အတွင်းရေးမှူး
Former Associate Program Director
Myanmar Peace Center

(ဋ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး (၁)
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး (၂)
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များအတိုင်းဖြစ်ပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃/ ၂၀၂၁)

## ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ အခန်း (၅)၊ ပုဒ်မ (၉)၊ ပုဒ်မခွဲ (ဃ) အရ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဦးအောင်စိုး ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန် (ငြိမ်း)
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဦးမောင်ကြီး ဒုတိယဥက္ကဋ္ဌ (၁)
အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ဂ) ဒေါက်တာမြင့်ဆန်း — ဒုတိယဥက္ကဋ္ဌ (၂)
ဒါရိုက်တာ
Myanmar Research Center for Economic Development

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(င) ခရိုင်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ထားဝယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(စ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
(တနင်္သာရီတိုင်းဒေသကြီး)
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) တိုင်းဒေသကြီးတာဝန်ခံ — အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (တနင်္သာရီတိုင်းဒေသကြီး)
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) One Stop Service တွင် ပါဝင်သော အောက်ပါဌာနမှ ကိုယ်စားလှယ်များ

(၁) အကောက်ခွန်ဦးစီးဌာန — အဖွဲ့ဝင်
(၂) ကုန်သွယ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်
(၄) ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်
(၅) အလုပ်သမားညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်
(၆) အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန — အဖွဲ့ဝင်
(၇) စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်
(၈) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် — အဖွဲ့ဝင်
(၉) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၀) မြန်မာနိုင်ငံတော်ဗဟိုဘဏ် — အဖွဲ့ဝင်
(၁၁) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၂) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်
(၁၃) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၅) လိုအပ်ချက်အရ ထပ်မံဖြည့်စွက်သည့် ဌာန — အဖွဲ့ဝင်

(ဈ) ပြည်တွင်း ပြည်ပမှ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးများ — အဖွဲ့ဝင် (လိုအပ်သလို)

(ည) ဦးဆွေတင့်ကြူး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (ငြိမ်း)
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဋ ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး (၁)
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဌ ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး (၂)
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (တနင်္သာရီတိုင်းဒေသကြီး)
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များအတိုင်းဖြစ်ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
ဥက္ကဋ္ဌ
မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်)

### ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ ပုဒ်မ ၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးမောင်မောင်အုန်း | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဇေယျာလင်း | နေပြည်တော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | အဖွဲ့ဝင် |
| ( ဂ ) | ဗိုလ်မှူးကြီး<br>ကျော်လင်းအောင် | ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးကြီးမျိုးဆွေ | ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် | အဖွဲ့ဝင် |
| ( င ) | ဦးရဲထွန်းဦး | ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်(၃) | အဖွဲ့ဝင် |
| ( စ ) | ဦးကျော်ငြိမ်း | ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်(၃) | အဖွဲ့ဝင် |
| (ဆ) | နိုင်လယိတမ(ခ)<br>နိုင်ခင်မောင်ဇင် | မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဇ) | ဦးသန်းထွန်း | ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်(၃) | အဖွဲ့ဝင် |
| (ဈ) | ဦးခွန်သိန်းမောင် | ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် | အဖွဲ့ဝင် |
| (ည) | ဒေါ်ရီရီသန်း | စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုးပိုင်မြင့် | မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင်(၄) | အဖွဲ့ဝင် |
| (ဌ) | ဦးသိန်းဌေး | မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင်(၄) | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးကြီးလှမျိုးရွှေ | ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင်(၁) | အဖွဲ့ဝင် |
| (ဎ) | ဦးယဉ်ထွေး | တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင် | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်ဝင်းသိန်း | ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင်(၅) | အဖွဲ့ဝင် |
| (တ) | ဦးအုန်းမြင့် | ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင်(၃) | အဖွဲ့ဝင် |
| (ထ) | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် (၅) ဦး | | အဖွဲ့ဝင်များ |
| (ဒ) | ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ် (၁၀) ဦး | | အဖွဲ့ဝင်များ |
| (ဓ) | ဦးမောင်မောင်ကျော် | ညွှန်ကြားရေးမှူးချုပ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၇ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
ဥက္ကဋ္ဌ
အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## e – Government ဦးဆောင်ကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

### e – ID စနစ် လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ e–Government စနစ်အား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် **e–ID စနစ် လုပ်ငန်းကော်မတီ** ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဂ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်သူ့အင်အားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဎ) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဏ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(တ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(ထ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး

| | | |
|---|---|---|
| ( ဒ ) | ကိုယ်စားလှယ် (၁) ဦး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | ကိုယ်စားလှယ် (၁) ဦး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ပ ) | ကိုယ်စားလှယ် (၁) ဦး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဖ ) | ကိုယ်စားလှယ် (၁) ဦး<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဗ ) | ကိုယ်စားလှယ် (၁) ဦး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| ( မ ) | ကိုယ်စားလှယ် (၁) ဦး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| ( ရ ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| (လ) | ဒုတိယဝန်ကြီး<br>(လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဝ ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ e-ID စနစ် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ရည်မှန်းချက် (Sustainable Development Goal) နှင့်အညီ သက္ကရာဇ် ၂၀၃၀ ၌ နိုင်ငံသားတိုင်း မွေးစာရင်းအပါအဝင် တရားဝင်မှတ်ပုံတင်တစ်ခုရရှိရေးဆောင်ရွက်ရန်၊

( ခ ) နိုင်ငံအတွင်း နေထိုင်သူတစ်ဦးချင်းစီ၏ Biogarphic ကိုယ်ရေးအချက်အလက်များနှင့် Biometric အချက်အလက်များကိုကောက်ယူ၍ လူတစ်ဦးစီကို ကိုယ်ပိုင်နံပါတ် Unique ID (UID) တစ်ခုစီ ထုတ်ပေး၍ မှတ်ပုံတင်ခြင်းဆောင်ရွက်ရန်၊ UID အား e-Government Application များ၌ အသုံးပြုသွားနိုင်ရေးဆောင်ရွက်ရန်၊

(ဂ) National Database စနစ်တည်ဆောက်၍ e-Government Application များမှ Single Platform အဖြစ် ချိတ်ဆက်အသုံးပြုသွားနိုင်ရေးဆောင်ရွက်ရန်၊

(ဃ) e-ID စနစ်ဒီဇိုင်းအား သက်ဆိုင်ရာအစိုးရဌာနများ၊ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ စနစ်တကျ တည်ဆောက်ရေးဆွဲရန်၊

(င) လုံခြုံရေးအဆင့်အတန်း မြင့်မားစေရေးဆောင်ရွက်ရန်၊

(စ) လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးနှင့် ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်သွားနိုင်ရေးဆောင်ရွက်ရန်၊

(ဆ) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ဆပ်ကော်မတီများ၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) ကော်မတီမှဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား e-Government ဦးဆောင်ကော်မတီသို့ အစီရင်ခံ တင်ပြရန်။

၃။ e-Government ဦးဆောင်ကော်မတီ၏ (၁၂-၆-၂၀၁၈) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) နှင့် (၁၄-၃-၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉) တို့အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

ဗိုလ်မှူးချုပ် လူမွန်
အတွင်းရေးမှူး
e-Government ဦးဆောင်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂၁/ ၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၁၆၀၉၆၅ ရဲအုပ် သိန်းသန်းထွန်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၇၅၉၁

(၂) လ ၁၆၄၈၀၂ ရဲအုပ် အောင်တင် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၇၅၉၂

(၃) လ ၁၉၆၄၁၂ ရဲအုပ် မြတ်မိုးအောင် ယာဉ်ထိန်းရဲတပ်ဖွဲ့ — ရဲ ၇၅၉၃

(၄) လ ၁၉၃၅၂၄ ရဲအုပ် သက်နိုင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၇၅၉၄

(၅) လ ၁၈၂၅၅၆ ရဲအုပ် အောင်ဇော်မင်း ရဲ ၇၅၉၅
ရဲအရာရှိလေ့ကျင့်ရေးကျောင်း

(၆) လ ၁၇၀၈၃၃ ရဲအုပ် နိုင်ဝင်း ရဲ ၇၅၉၆
စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၇) လ ၁၉၂၉၁၇ ရဲအုပ် ကျော်မြင့်ထွန်း ရဲ ၇၅၉၇
သတင်းရဲတပ်ဖွဲ့

(၈) လ ၁၇၇၀၀၆ ရဲအုပ် ဆန်းဝင်း ရဲ ၇၅၉၈
မှုခင်းရဲတပ်ဖွဲ့

(၉) လ ၁၆၃၄၄၈ ရဲအုပ် ရန်အောင် ရဲ ၇၅၉၉
အမှတ် (၃) ရဲလေ့ကျင့်ရေးကျောင်း

(၁၀) လ ၂၀၅၃၇၉ ရဲအုပ် ဇော်ဇော်အောင် ရဲ ၇၆၀၀
သတင်းရဲတပ်ဖွဲ့

(၁၁) လ ၁၈၂၆၄၆ ရဲအုပ် စိုးမြင့် ရဲ ၇၆၀၁
အမှတ် (၄) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ

(၁၂) လ ၁၃၆၄၀၈ ရဲအုပ် စံဝေ ရဲ ၇၆၀၂
ရဲအရာရှိလေ့ကျင့်ရေးကျောင်း

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂၂/ ၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၁၄၃၇၃၃ ရဲအုပ် သန့်ဇင်ထူး ရဲ ၇၆၀၃
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၂) လ ၁၉၆၈၅၉ ရဲအုပ် ဇော်လင်းထွန်း ရဲ ၇၆၀၄
ကချင်ပြည်နယ်ရဲတပ်ဖွဲ့

(၃) လ ၁၈၉၀၁၈ ရဲအုပ် ဇော်ထွန်းအောင် ရဲ ၇၆၀၅
သတင်းရဲတပ်ဖွဲ့

(၄) လ ၁၆၂၄၂၂ ရဲအုပ် တင်ရွှေ ရဲ ၇၆၀၆
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

(၅) လ ၁၆၀၉၉၇ ရဲအုပ် ဇော်နိုင် ရဲ ၇၆၀၇
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၆) လ ၁၈၁၄၆၄ ရဲအုပ် ရဲထွန်းလင်း ရဲ ၇၆၀၈
သတင်းရဲတပ်ဖွဲ့

(၇) လ ၁၇၃၈၂၁ ရဲအုပ် ဦးဦးကျော် ရဲ ၇၆၀၉
မှုခင်းရဲတပ်ဖွဲ့

| | | |
|---|---|---|
| (၈) | လ ၁၆၇၄၄၅ ရဲအုပ် ကိုကိုကြီး ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၁၀ |
| (၉) | လ ၂၀၅၀၅၂ ရဲအုပ် အောင်မျိုးဝင်း လုံခြုံရေးဌာန၊ ရဲဦးစီးဌာနကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | ရဲ ၇၆၁၁ |
| (၁၀) | လ ၁၉၂၈၈၇ ရဲအုပ် ကျော်နိုင်ဦး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | ရဲ ၇၆၁၂ |
| (၁၁) | လ ၂၀၆၈၃၂ ရဲအုပ် ဇော်လင်းမောင် ယာဉ်ထိန်းရဲတပ်ဖွဲ့ | ရဲ ၇၆၁၃ |
| (၁၂) | လ ၂၁၇၆၄၇ ရဲအုပ် ဝေလင်းထက် အမှတ် (၃) ရဲလေ့ကျင့်ရေးကျောင်း | ရဲ ၇၆၁၄ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂၃/ ၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်–

| | | |
|---|---|---|
| (၁) | လ ၁၅၆၇၈၄ ရဲအုပ် စိန်သောင်း ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၁၅ |
| (၂) | လ ၁၃၀၀၄၉ ရဲအုပ် သိန်းမြင့် အမှတ် (၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ | ရဲ ၇၆၁၆ |
| (၃) | လ ၁၆၃၅၂၈ ရဲအုပ် အောင်မြင့်စိုး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၁၇ |
| (၄) | လ ၁၈၁၁၀၅ ရဲအုပ် မြင့်ဋ္ဌေး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၁၈ |
| (၅) | လ ၂၀၅၁၅၂ ရဲအုပ် အောင်လှိုင်ဦး အမှတ် (၄) ရဲလေ့ကျင့်ရေးကျောင်း | ရဲ ၇၆၁၉ |
| (၆) | လ ၂၀၅၃၅၃ ရဲအုပ် ဟံရွှေ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၂၀ |
| (၇) | လ ၁၆၈၁၂၅ ရဲအုပ် အေးသိန်း သတင်းရဲတပ်ဖွဲ့ | ရဲ ၇၆၂၁ |
| (၈) | လ ၁၉၆၃၉၂ ရဲအုပ် ကျော်မြတ်သူ ယာဉ်ထိန်းရဲတပ်ဖွဲ့ | ရဲ ၇၆၂၂ |
| (၉) | လ ၁၆၁၈၄၄ ရဲအုပ် ဝင်းနိုင်ဦး မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၂၃ |

(၁၀) လ ၁၆၇၇၄၆ ရဲအုပ် မျိုးနိုင် မှူခင်းရဲတပ်ဖွဲ့ — ရဲ ၇၆၂၄

(၁၁) လ ၁၈၁၆၄၈ ရဲအုပ် အောင်အောင်ဇော် ကရင်ပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၇၆၂၅

(၁၂) လ ၂၁၇၆၈၀ ရဲအုပ် သန်းထွန်းလှိုင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ — ရဲ ၇၆၂၆

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂၄/ ၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၂၀၃၁၂၁ ရဲအုပ် ကျော်လင်းဦး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၇၆၂၇

(၂) လ ၁၈၄၀၅၀ ရဲအုပ် လှိုင်ထွေး ကချင်ပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၇၆၂၈

(၃) လ ၂၁၁၅၃၉ ရဲအုပ် ညီညီလွင် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၇၆၂၉

(၄) လ ၁၇၂၁၆၈ ရဲအုပ် ကျော်မျိုးလွင် မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၇၆၃၀

(၅) လ ၁၆၃၄၃၈ ရဲအုပ် ဇော်မိုးနိုင် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၇၆၃၁

(၆) လ ၁၇၉၅၆၆ ရဲအုပ် ထွန်းထွန်းမင်း သတင်းရဲတပ်ဖွဲ့ — ရဲ ၇၆၃၂

(၇) လ ၂၀၅၃၆၉ ရဲအုပ် အောင်နွယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ — ရဲ ၇၆၃၃

(၈) လ ၂၂၂၈၈၆ ရဲအုပ် ဇော်မင်းထွန်း ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၇၆၃၄

(၉) လ ၁၄၅၂၂၆ ရဲအုပ် ထွန်းနိုင် နေပြည်တော်ရဲတပ်ဖွဲ့ — ရဲ ၇၆၃၅

(၁၀) လ ၂၀၅၂၀၆ ရဲအုပ် ညွှန့်ဝင်း သတင်းရဲတပ်ဖွဲ့ — ရဲ ၇၆၃၆

(၁၁) လ ၁၆၂၁၅၉ ရဲအုပ် သန်းသန်းယု ယာဉ်ထိန်းရဲတပ်ဖွဲ့ — ရဲ ၇၆၃၇

(၁၂) လ ၁၄၁၀၇၂ ရဲအုပ် သန်းစိုး အမြန်လမ်းမကြီးရဲတပ်ဖွဲ့ — ရဲ ၇၆၃၈

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂၅/၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | လ ၂၀၅၃၇၆ ရဲအုပ် ကျော်ကျော်ဝင်း<br>လေကြောင်းရဲတပ်ဖွဲ့ | ရဲ ၇၆၃၉ |
| (၂) | လ ၂၂၄၄၉၈ ရဲအုပ် အောင်တိုးမြင့်<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | ရဲ ၇၆၄၀ |
| (၃) | လ ၁၆၁၁၇၇ ရဲအုပ် လွင်စိုး<br>ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၄၁ |
| (၄) | လ ၁၆၈၅၅၀ ရဲအုပ် ကျော်သက်<br>ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၇၆၄၂ |
| (၅) | လ ၂၁၂၈၈၁ ရဲအုပ် ဖြူကိုထွန်း<br>မှုခင်းရဲတပ်ဖွဲ့ | ရဲ ၇၆၄၃ |
| (၆) | လ ၂၀၅၄၂၇ ရဲအုပ် မြင့်ခိုင်<br>စည်ပင်သာယာရဲတပ်ဖွဲ့ (မန္တလေး) | ရဲ ၇၆၄၄ |
| (၇) | လ ၁၃၅၀၅၄ ရဲအုပ် အုန်းမောင်<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၇၆၄၅ |
| (၈) | လ ၁၆၀၆၈၁ ရဲအုပ် သန်းနိုင်<br>မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၄၆ |
| (၉) | လ ၁၇၂၇၉၃ ရဲအုပ် ဇော်မျိုးနိုင်<br>မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | ရဲ ၇၆၄၇ |
| (၁၀) | လ ၁၇၆၀၉၂ ရဲအုပ် တင်မျိုးညွန့်<br>ချင်းပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၇၆၄၈ |
| (၁၁) | လ ၁၉၂၈၄၇ ရဲအုပ် ရဲဝင်း<br>ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၄၉ |
| (၁၂) | လ ၂၀၂၉၃၃ ရဲအုပ် သန့်ဇော်လင်း<br>ရဲထောက်ပံ့ရေးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | ရဲ ၇၆၅၀ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂၆/၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | လ ၁၅၈၁၉၄ ရဲအုပ် ကျော်မင်းထွန်း<br>ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန<br>ရဲဦးစီးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | ရဲ ၇၆၅၁ |

| | | |
|---|---|---|
| (၂) | လ ၁၄၀၁၇၃ ရဲအုပ် မျိုးကျော်<br>ကရင်ပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၇၆၅၂ |
| (၃) | လ ၁၆၀၇၁၅ ရဲအုပ် လှထွန်း<br>မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၅၃ |
| (၄) | လ ၁၈၈၅၃၄ ရဲအုပ် သိန်းဇော်မြင့်<br>လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | ရဲ ၇၆၅၄ |
| (၅) | လ ၁၈၇၃၆၁ ရဲအုပ် တင်ဌေး<br>ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၅၅ |
| (၆) | လ ၁၈၇၄၃၅ ရဲအုပ် မောင်ဌေး<br>အမှတ်(၁၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ | ရဲ ၇၆၅၆ |
| (၇) | လ ၁၈၇၅၀၁ ရဲအုပ် ကိုကိုအောင်<br>လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | ရဲ ၇၆၅၇ |
| (၈) | လ ၁၈၉၇၈၇ ရဲအုပ် မျိုးအေး<br>မွန်ပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၇၆၅၈ |
| (၉) | လ ၁၉၅၀၃၉ ရဲအုပ် ထင်ကျော်သူ<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | ရဲ ၇၆၅၉ |
| (၁၀) | လ ၁၆၁၂၀၁ ရဲအုပ် လှိုင်မိုး<br>သတင်းရဲတပ်ဖွဲ့ | ရဲ ၇၆၆၀ |
| (၁၁) | လ ၁၈၁၆၄၅ ရဲအုပ် မျိုးအောင်<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | ရဲ ၇၆၆၁ |
| (၁၂) | လ ၁၈၁၃၉၃ ရဲအုပ် ထွန်းထွန်းဦး<br>ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၇၆၆၂ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂၇/၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | လ ၁၉၇၄၃၄ ရဲအုပ် မင်းမင်း<br>သတင်းရဲတပ်ဖွဲ့ | ရဲ ၇၆၆၃ |
| (၂) | လ ၁၉၂၃၅၄ ရဲအုပ် ဟန်ထွန်းကျော်<br>ရဲအကြပ်အတတ်သင်ကျောင်း | ရဲ ၇၆၆၄ |
| (၃) | လ ၁၆၃၇၀၇ ရဲအုပ် မြင့်နိုင်<br>အမှတ်(၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ | ရဲ ၇၆၆၅ |
| (၄) | လ ၂၁၆၂၉၃ ရဲအုပ် နိုင်လင်းအောင်<br>မှုခင်းရဲတပ်ဖွဲ့ | ရဲ ၇၆၆၆ |
| (၅) | လ ၂၀၀၈၃၄ ရဲအုပ် အောင်လွင်ဦး<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ရဲ ၇၆၆၇ |

(၆) လ ၁၅၈၀၅၃ ရဲအုပ် ထွန်းထွန်းဝင်းအေး သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ — ရဲ ၇၆၆၈

(၇) လ ၁၉၃၃၁၆ ရဲအုပ် ကျော်မိုး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၇၆၆၉

(၈) လ ၂၁၆၇၀၀ ရဲအုပ် ဇော်လွင်ထွန်း သတင်းရဲတပ်ဖွဲ့ — ရဲ ၇၆၇၀

(၉) လ ၁၁၇၁၂ ရဲအုပ် ထွန်းသန်း မှုခင်းရဲတပ်ဖွဲ့ — ရဲ ၇၆၇၁

(၁၀) လ ၁၈၃၀၇၇ ရဲအုပ် အေးလွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ — ရဲ ၇၆၇၂

(၁၁) လ ၁၈၄၀၁၈ ရဲအုပ် မြို့ကြည် မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၇၆၇၃

(၁၂) လ ၁၅၁၉၄၇ ရဲအုပ် မောင်မောင်ဦး ရဲရာထူးခန့်ဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် — ရဲ ၇၆၇၄

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လ ၂၀၅၂၅၉ ရဲအုပ် ဝင်းဇော်အောင် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၇၆၇၅ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၃၈/၂၀၂၁)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မှုခင်းဌာနမှ စ/၁၁၈၈ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းဦး အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ကချင်ပြည်နယ်ရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၁၉၇၈ ယာယီရဲမှူးချုပ် တင်အောင်ဝင်း အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂)၂၀၂၁ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် နမ့်စန်လေတပ်စခန်းဌာနချုပ်မှ ဒုတိယလေတပ်စခန်းဌာနချုပ်မှူး လေ ၂၁၂၇ ဗိုလ်မှူးကြီး မောင်မောင်ဦး အား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်ပြီး ရဲအရာရှိအမှတ် ရဲ ၇၆၇၆ အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၈ ရက်)

အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ က ၃၀၅၃ ညွှန်ကြားရေးမှူး ဦးတင်မောင်ချို အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှ ဩဂုတ်လ ၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆(က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅၉/၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲ ၇၆၇၆ ရဲမှူးကြီး မောင်မောင်ဦး အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး လေကြောင်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးအဖြစ် တာဝန်ပေးအပ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆၀/ ၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ဒုတိယရဲမှူးကြီး (၂) ဦးတို့အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀- ၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၂၄၀၆ ဒုတိယရဲမှူးကြီး စိုးသင်<br>ဒုတိယကျောင်းအုပ်ကြီး<br>အမှတ် (၃) ရဲလေ့ကျင့်ရေးကျောင်း | ကွပ်ကဲမှုအဖွဲ့ခွဲမှူး<br>အမှတ် (၅) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲ<br>(အမှတ် ၃ ရဲလေ့ကျင့်ရေးကျောင်းတွဲ) |
| (၂) | ရဲ ၁၇၈၅ ဒုတိယရဲမှူးကြီး ဇော်ဝင်းမြင့်<br>တပ်ဖွဲ့ခွဲမှူး<br>တပ်ဖွဲ့ခွဲ (၂) (ရွှေတောင်)<br>ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့ | ဒုတိယတပ်ဖွဲ့မှူး<br>အမှတ် (၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့<br>(ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့တွဲ) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၇/ ၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ လားရှိုးမြို့နယ်၊ နောင်မွန်နယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူး လ ၁၇၅၉၈၁ ရဲအုပ် အောင်သူရ အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၇၆၇၇ အဖြစ် သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၈/ ၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲ ၁၆၃၀ ရဲမှူးကြီး မျိုးသူစိုး အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀- ၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး လက်ရှိတပ်ဖွဲ့၌ပင် တပ်ဖွဲ့မှူးအဖြစ် တာဝန်ပေးအပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၉/ ၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ စုံစမ်းစစ်ဆေးရေးဌာနခွဲ (၁) မှ ဌာနခွဲမှူး ရဲ ၁၆၉၈ ဒုတိယရဲမှူးကြီး မျိုးမင်းထိုက် အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀- ၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး လက်ရှိတပ်ဖွဲ့၌ပင် ဒုတိယတပ်ဖွဲ့မှူးအဖြစ် တာဝန်ပေးအပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၁ /၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၂) ဦးတို့အား ယာယီခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၂၁၄၉ ယာယီရဲမှူးကြီး ကြည်စိုး<br>ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၅-၄-၂၀၂၁ |
| (၂) | ရဲ ၂၀၈၉ ယာယီရဲမှူးကြီး တင်ရွှေ<br>ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကယားပြည်နယ်ရဲတပ်ဖွဲ့ | ၄-၄-၂၀၂၁ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၃ /၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲ ၂၈၇၇ ယာယီ ဒုတိယရဲမှူးကြီး ကျော်ရွှေဝင်း အား ယာယီခန့်ကာလ (၁) နှစ် (၆) လပြည့်မြောက်သည့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၀/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီးမှ ဒုတိယရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲ ၂၀၆၄ ရဲမှူးကြီး လှစိန် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၁/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးကြီး (၂) ဦးတို့အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့မှ စက်တင်ဘာလ ၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆(က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်-

(၁) ရဲ ၁၉၈၅ ရဲမှူးကြီး ခင်မောင်သော်
ဒုတိယတပ်ဖွဲ့မှူး
နေပြည်တော်ရဲတပ်ဖွဲ့

(၂) ရဲ ၁၉၉၆ ရဲမှူးကြီး ဝင်းကြည်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

**မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းရန်အတွက် လေ့လာသုံးသပ်အကြံပြုရေးအဖွဲ့ ဖွဲ့စည်းခြင်း**

မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၁ ဖြင့် ဖျက်သိမ်းခဲ့ပါသည်။ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ပြန်လည်

ဖွဲ့စည်းနိုင်ရေးအတွက် **မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းရန်အတွက် လေ့လာသုံးသပ်အကြံပြုရေး အဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (၁) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်သန်းသန်းလင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးကိုကိုလွင်<br>ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာစိုးဝင်း<br>အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာဝါဝါမောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါ်သွေးသွေးချစ်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါ်တာသီတာကြူ<br>ခေတ္တပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါက်တာဇော်ဦး<br>အမှုဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ | အကြံပေး |
| (၉) | ဒေါက်တာခင်မောင်ညွန့်<br>Research Fellow<br>မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) | အကြံပေး |
| (၁၀) | ဒေါက်တာမျိုးမင်းကြည်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**အမိန့်အမှတ် (၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

### ထုတ်ဝေခြင်းလုပ်ငန်း ပိတ်သိမ်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်း သို့မဟုတ် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်ဝေဖော်ပြခြင်းကို ပြုလုပ်လျက်ရှိသည့် ထုတ်ဝေခြင်းလုပ်ငန်းများအား လုပ်ငန်းပိတ်သိမ်းရန် အခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ပုဒ်မ ၄၂၀ တို့အရ ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့ပါသည်။

၂။ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများ၊ ပြစ်မှုကျူးလွန်သူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်ဝေဖော်ပြခဲ့သည့် ယခင်က ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ခွင့်ပြုပေးခဲ့သော မြစ်ကြီးနားသတင်းဂျာနယ်ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်သည်။

၃။ ယင်းထုတ်ဝေခြင်းလုပ်ငန်းသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါသည်။

**အမိန့်အမှတ် (၆/၂၀၂၁)**

### သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်း သို့မဟုတ် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်းကို ပြုလုပ်လျက်ရှိသည့် သတင်းအေဂျင်စီလုပ်ငန်းများအား လုပ်ငန်းပိတ်သိမ်းရန် အခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ပုဒ်မ ၄၂၀ တို့အရ ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့ပါသည်။

၂။ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများ၊ ပြစ်မှုကျူးလွန်သူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခဲ့သည့် ယခင်က သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ခွင့်ပြုပေးခဲ့သော The 74 Media သတင်းအေဂျင်စီကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်သည်။

၃။ ယင်းသတင်းဌာနသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါသည်။

**(ဝန်ကြီးရုံး)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်)

အမှတ် ၁၄၅။ ၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါအရာထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်နေ့ ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိ ရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်ဇင်မာထွေး (ကပ-၆၃၀၉) | စာတည်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စာပေဗိမာန်ရုံး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | စာတည်းမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) စာပေဗိမာန်ရုံး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန |

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာနမှ အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) ဒေါ်ဥမ္မာထွန်း သည် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) အရ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

၂။ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၀/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ဒုတိယ အထွေထွေမန်နေဂျာ (ပြည်ပရောင်း) ဦးလွင်ဦးမောင် အား ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနတွင် လစ်လပ်သွားမည့် အထွေထွေမန်နေဂျာ (ပြည်ပရောင်း)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၁)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၀/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံကိန်းနှင့် စာရင်းအင်းဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဦး (FD 00017) အား သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် လစ်လပ်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆၇/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ရှိ စထာပါနာလီမိတက် (ရေဦး) SATHAPANA LIMITED အား စတင် မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ရှိ စထာပါနာလီမိတက် (ရေဦး) SATHAPANA LIMITED အား ရွှေဘိုမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင် ရမည်ဟု ကြေညာလိုက်သည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက် )

### အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများအရ ဖွဲ့စည်းပြီးမှတ်ပုံတင်ခွင့်ပြုသည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေ ၁၈ အရ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မှတ်ပုံတင်ထားသည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း ၃၀၁၉ ဖွဲ့အား ဖွဲ့စည်းပြီးဖြစ်ပါသည်။

၂။ ယခုအခါ အလုပ်သမားအဖွဲ့အစည်းများကို အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေ ၁၅ (က)၊ (ခ) အရ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖွဲ့စည်းပြီး မှတ်ပုံတင်ခွင့်ပြုသည့် အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၇၈ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၇ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၆၁ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၂၄ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ၉ ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် ၁ ဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၁ ဖွဲ့ စုစုပေါင်း ၃၁၀၂ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါသဖြင့် ပူးတွဲပါ ဇယားနှင့်အတူ ထည့်သွင်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာမည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ**

| စဉ် | အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းအမည် | အရေအတွက် |
|---|---|---|
| ၁ | အခြေခံအလုပ်သမားအဖွဲ့အစည်း | ၂၈၇၈ ဖွဲ့ |
| ၂ | အခြေခံအလုပ်ရှင်အဖွဲ့အစည်း | ၂၇ ဖွဲ့ |
| ၃ | မြို့နယ်အလုပ်သမားအဖွဲ့အစည်း | ၁၆၁ ဖွဲ့ |
| ၄ | မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း | ၁ ဖွဲ့ |
| ၅ | တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း | ၂၄ ဖွဲ့ |
| ၆ | အလုပ်သမားအဖွဲ့ချုပ် | ၉ ဖွဲ့ |
| ၇ | အလုပ်ရှင်အဖွဲ့ချုပ် | ၁ ဖွဲ့ |
| ၈ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ | ၁ ဖွဲ့ |
| | **စုစုပေါင်း** | **၃၁၀၂ ဖွဲ့** |

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(အေးအေးမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၁ ကို ရည်ညွှန်းလျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ အား ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှစတင်၍ အစမ်းခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်အမှတ် ၈၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ကိုယ်စားလှယ်အဖွဲ့ဝင် ဦးရဲမင်းအောင် ကို အဖွဲ့ဝင်အဖြစ် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၁)**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်အမှတ် ၈၁/၂၀၂၁ ဖြင့် ဖွဲ့စည်းပြီးဖြစ်ပါ၍ ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းကိစ္စရပ်များနှင့် လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းကိစ္စရပ်များအား ဆောင်ရွက်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆက်ရန်နိုင်၊ ဒု-လက်ထောက်ကြီးကြပ်ရေးမှူး ကို ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီသို့ တွဲဖက်တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၃/၂၀၂၁ ကို ရည်ညွှန်းလျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ် အား ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ်၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစတင်၍ အစမ်းခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/ ၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးမူဝါဒ**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄ အရ အောက်ပါမူဝါဒ (၇) ချက်ကိုရည်မှန်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပါသည်-

(က) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊

( ခ ) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊

( ဂ ) အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊

(ဃ) အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင် ငွေကြေးပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊

( င ) အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊

( စ ) တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပရင်းနှီး မြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဆ) ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို သိရှိနားလည်ပြီး အဂတိကင်းစင်သည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန်။

၂။ အဆိုပါမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါ်ခင်သက်ထား<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ဦးမင်းဇော်<br>လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| ( ဂ ) | ဦးညီညီသိန်းဇံ<br>ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်စွာဝင်း<br>ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (င) | ဦးနေဆန်း<br>ညွှန်ကြားရေးမှူး<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးဌေးအောင်<br>ညွှန်ကြားရေးမှူး<br>မူပိုင်ခွင့်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမောင်မောင်လွင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးနီတူးအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဦးတင်မိုးအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်ဟန်နီစိုး<br>ဦးစီးအရာရှိ<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၃။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဌာနအလိုက် လာဘ်ပေး လာဘ်ယူမှုများနှင့် သက်ဆိုင်သော အဂတိလိုက်စားမှု ပြဿနာများ ဖော်ထုတ်နိုင်ရန်-

(၁) တိုင်ကြားမှုယန္တရား ထူထောင်ခြင်း၊

(၂) စောင့်ကြပ်စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) စစ်တမ်းကောက်ယူခြင်း။

(ခ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီဖြေရှင်းရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေအရ စုံစမ်းစစ်ဆေးခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ လွှဲပြောင်းပေးခြင်းတို့ကိုဆောင်ရွက်ရန်၊

(ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားနိုင်ရန် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်လေ့လာခြင်းနှင့် စစ်တမ်းတွေ့ရှိချက် ဆန်းစစ်လေ့လာချက်အပေါ် မူတည်၍ တားဆီးကာကွယ်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုသာမက ပိုမိုမြင့်မားသော ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများကို လိုက်နာရန်နှင့် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ သမာသမတ်ကျစွာလိုက်နာဆောင်ရွက်ရန်၊

(င) အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာရန်၊ (Corruption Risk Assessment)

(စ) တိကျပြည့်စုံပြီး အဂတိလိုက်စားမှုများကို တင်ပြနိုင်သည့် ဌာနတွင်း သတင်းပို့စနစ်အား တည်ထောင်ခြင်းနှင့် ယင်းအပေါ်စီမံခန့်ခွဲရန်၊

(ဆ) ဝန်ကြီးဌာနတွင်းနှင့် ဦးစီးဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ဝန်ထမ်းများအနေဖြင့် ယင်းတို့အပေါ်သာမက အဖွဲ့အစည်းအပေါ်မှာပါ အကျိုးကျေးဇူးများရှိကြောင်း သိမြင်နားလည်လာနိုင်ရေးအတွက် အသိပညာပေးရန်၊

(ဇ) ဌာနအလိုက် အဂတိလိုက်စားမှုနှင့်သက်ဆိုင်သော ပြဿနာများနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေရှိမှုများအား စစ်ဆေးဖော်ထုတ်၍ တားဆီးကာကွယ်နိုင်ရေး ဆောင်ရွက်ရန်၊

(ဈ) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် အရေးယူနိုင်ရေး ဆောင်ရွက်ရန်၊

(ည) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် နှစ်တို၊ နှစ်ရှည် အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊

(ဋ) အဖွဲ့၏လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုအဖွဲ့ငယ်များ ဖွဲ့စည်းရန်၊

(ဌ) အဖွဲ့၏ဆောင်ရွက်ချက်များအား ဝန်ကြီးရုံးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ လစဉ်အစီရင်ခံစာ တင်ပြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့နိုင်ရေး ဆောင်ရွက်ရန်၊

(ဍ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အခါအားလျော်စွာပေးပို့လာသော ကိစ္စရပ်များနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ လမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်။

ဒေါက်တာပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်)

၁။ ပညာရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၇/၂၀၂၀) တို့နှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာဇော်မြင့် | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဇော်ဝင်း | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးကျော်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၄) | - | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာဇော်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်တစ်သက်တာ<br>ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာစိုင်းကျော်နိုင်ဦး | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါက်တာသိန်းဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါက်တာဝင်းထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးကိုလေးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာမျိုးသန့် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာခင်မောင်လတ် | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒေါက်တာဖြူဖြူဝင်း | ခေတ္တညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာအောင်ဆွေထွန်း | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့<br>(ပညာရေး) | အဖွဲ့ဝင် |
| (၁၄) | - | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့<br>(သုတေသန) | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာစိုးဝင်း | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၆) | ဒေါက်တာမျိုးဟိန်းဇော် | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (၁၇) | ဒေါက်တာစည်သူကျော် | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

**( ခ ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | – | သက်ဆိုင်ရာဌာန၏<br>ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါက်တာမျိုးဟိန်းဇော် | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာစည်သူကျော် | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်မာမာချို | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါ်ခင်ခင်ကြီး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါက်တာမိုးကျော်သူ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါ်အေးအေးမွန်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒေါက်တာသိင်္ဂီမောင်မောင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ခင်ထွေး | ညွှန်ကြားရေးမှူး<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာနေမင်းထွန်း | ညွှန်ကြားရေးမှူး<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | – | သက်ဆိုင်ရာဌာန၏<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၁၃) | – | သက်ဆိုင်ရာဌာန၏ညွှန်ကြားရေးမှူး<br>(စီမံ) | တွဲဖက်အတွင်းရေးမှူး |

**( ဂ ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | – | သက်ဆိုင်ရာဌာန၏<br>ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါက်တာမျိုးဟိန်းဇော် | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၄) | ဒေါက်တာစည်သူကျော် | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်မာမာချို | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါ်ခင်ခင်ကြီး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးသန့်ဇင်ထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါက်တာဥက္ကာဝင်းသန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒေါ်နွယ်နီ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | – | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာမိမိချိုထွေး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒေါက်တာသိင်္ဂီမောင်မောင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | – | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၄) | – | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၅) | – | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၆) | – | သက်ဆိုင်ရာဌာန၏<br>ဘဏ္ဍာရေးတာဝန်ခံ/ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(ဃ)　**အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | – | သက်ဆိုင်ရာဌာန၏<br><br>ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါ်ခင်ခင်ကြီး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၄) | ဦးသန့်ဇင်ထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာနေမျိုးထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါ်နွယ်နီ | ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | – | ဒုတိယညွှန်ကြားရေးမှူးချုပ် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးအောင်ထိုက် | ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒေါက်တာမီမီချိုထွေး | ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာသိင်္ဂီမောင်မောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | – | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၂) | – | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၃) | – | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာမျိုးဟိန်းဇော် | ဒုတိယအမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး(၁) |
| (၁၅) | ဒေါက်တာစည်သူကျော် | ဒုတိယအမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး(၂) |

၂။ တင်ဒါကော်မတီများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း၊ တင်ဒါများကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၇/၂၀၂၀) တို့နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ ပညာရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၀) အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာညွှန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်)

**အိမ်ခန်းနေရာချထားရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ နေပြည်တော်ကောင်စီ၊ ဒက္ခိဏသီရိမြို့နယ်၊ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်း၌ တည်ဆောက်ပြီးစီးသည့် အခန်းများတွင် အငြိမ်းစားယူပြီးဝန်ထမ်းများအား အငှားချထားပေးရေးအတွက် **အိမ်ခန်းနေရာချထားရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး (မြေနှင့်အိမ်ရာ)<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး (အိမ်ရာဖွံ့ဖြိုးရေး)<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း)<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးဌာနများမှပေးပို့လာသည့် အငှားအိမ်ရာလျှောက်လွှာများအား ဦးစီးကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူရန်၊

(ခ) အငှားအိမ်ရာနေထိုင်ခွင့် ရရှိသူများစာရင်းကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြန်ကြားပေးရန်။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်)

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ပြန်လည်ဖွဲ့စည်းခြင်း**

၁။ အဂတိဖြစ်စေနိုင်သည့်နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုဖြစ်ပေါ်လာသည့် ပြဿနာများကိုဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့် နေရာများတွင်မဖြစ်အောင် တားဆီးကာကွယ်ခြင်းတို့ ဆောင်ရွက်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး (Corruption Prevention Unit–CPU) အဖွဲ့အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးလှမြင့်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | ဥက္ကဋ္ဌ |
| ( ခ ) | ဦးမျိုးဝင်းညွန့်<br>ညွှန်ကြားရေးမှူး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဦးဇော်မင်းနောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးတင်မျိုးအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးဉာဏ်မြတ်မင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးခင်မောင်စိုး<br>လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အတွင်းရေးမှူး |

၂။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဌာနအလိုက် လာဘ်ပေး လာဘ်ယူမှုများနှင့် သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများ ဖော်ထုတ်နိုင်ရန်၊

(၁) တိုင်ကြားမှုယန္တရား ထူထောင်ခြင်း၊

(၂) စောင့်ကြပ်စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) စစ်တမ်းကောက်ယူခြင်း။

(ခ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေအရ စုံစမ်းစစ်ဆေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ လွှဲပြောင်းပေးခြင်းတို့ကိုဆောင်ရွက်ရန်၊

(ဂ) အဂတိလိုက်စားမှုဆက်လက်မဖြစ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားနိုင်ရန်အတွက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့် စစ်တမ်းတွေ့ရှိချက် ဆန်းစစ်လေ့လာချက်အပေါ်မူတည်၍ တားဆီးကာကွယ်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်။

၃။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၀) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်)

အမှတ် ၅၆။ အောက်ဖော်ပြပါ ဒုတိယပြည်နယ်ဥပဒေအရာရှိ/ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ယင်းတို့၏ အမည်နှင့်ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံး အသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး/ ပြည်နယ်ဥပဒေ အရာရှိ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိ ရာထူး၊ ရုံး | ရာထူးတိုးမြှင့် ပြောင်းရွှေ့နေရာချထားသည့် ရာထူး၊ ရုံး |
|---|---|---|---|
| ၁။ | ဦးဇော်ဝင်းဖေ<br>ဥ/၂၂၄၅ | ခရိုင်ဥပဒေအရာရှိ<br>မြောင်းမြခရိုင်ဥပဒေရုံး | ပြည်နယ်ဥပဒေအရာရှိ<br>ကယားပြည်နယ်ဥပဒေချုပ်ရုံး |
| ၂။ | ဒေါ်နော်သန်းသန်းငြိမ်း<br>ဥ/၂၃၈၀ | ဒုတိယပြည်နယ်ဥပဒေအရာရှိ<br>ကရင်ပြည်နယ်ဥပဒေချုပ်ရုံး | ညွှန်ကြားရေးမှူး<br>တရားမစွဲဆိုမှုဥပဒေအကြံဉာဏ်ပေးရေးနှင့် တင်ပြချက်များစိစစ်ရေးဌာနခွဲ<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၃။ | ဦးအောင်ကျော်ဌေး<br>ဥ/၂၃၅၇ | ခရိုင်ဥပဒေအရာရှိ<br>ပဲခူးခရိုင်ဥပဒေရုံး | ညွှန်ကြားရေးမှူး<br>ဥပဒေများစိစစ်အကြံပြုရေးဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၄။ | ဦးမောင်မောင်မြင့်<br>ဥ/၂၂၂၅ | ခရိုင်ဥပဒေအရာရှိ<br>ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံး | ပြည်နယ်ဥပဒေအရာရှိ<br>ချင်းပြည်နယ်ဥပဒေချုပ်ရုံး |
| ၅။ | ဦးညွန့်လွင်<br>ဥ/၂၅၃၇ | ခရိုင်ဥပဒေအရာရှိ<br>တောင်ကြီးခရိုင်ဥပဒေရုံး | ညွှန်ကြားရေးမှူး<br>ထောက်ပံ့နှင့် အဆောက်အအုံဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိ ရာထူး၊ ရုံး | ရာထူးတိုးမြှင့် ပြောင်းရွှေ့နေရာချထားသည့် ရာထူး၊ ရုံး |
|---|---|---|---|
| ၆။ | ဒေါ်စောဥမ္မာ (ခ) ဒေါ်စောဥမ္မာဟိန်း ဋ/၂၃၂၀ | ခရိုင်ဥပဒေအရာရှိ တောင်ငူခရိုင်ဥပဒေရုံး | ညွှန်ကြားရေးမှူး တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |

ဒေါက်တာသီတာဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၀၇၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးများအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ရုံးဌာနများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ညွှန်ကြားရေးမှူးများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်ခင်လပြည့်အေး | ၁၁၀၈၇ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒေါ်အေးအေး | ၄၃၅၂ | စီမံရေးရာ၊လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန | စီမံရေးရာ၊လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန |

ဒေါက်တာကံဇော်
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၁)

ရန်ကုန်မြို့၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်)

ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့၊ ကျန်းမာရေးဌာနမှ ဌာနမှူး၊ လစာနှုန်း (၄၁၈,၀၀ဝ-၄,၀၀ဝ-၄၃၈,၀၀ဝ) ကိုယ်ပိုင်အမှတ် မစ-၁၀၀၆ ဒေါက်တာသန်းသန်းလွင် အား ၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပသော ကော်မတီဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက် အမှတ် ၅။ (ဈ) အရ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်၍ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက်(၆၀) နှစ်ပြည့်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးသည့်နောက်တစ်နေ့ဖြစ်သော ၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက် နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဗိုလ်ရွှေး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးခင်လတ် အား အသက် ၆၀ နှစ်ပြည့်ပြီးနောက် ၁၆–၅–၂၀၂၁ ရက်နေ့မှ ၁၅–၅–၂၀၂၂ ရက်နေ့အထိ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ရာထူးတွင် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်)

၁။ ချင်းပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းဦး အား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့အထိ ခံစားခွင့်ပြု လိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၂၁)

## လွှတ်တော်ရုံးအကြီးအမှူးတာဝန်ပေးအပ်ခြင်း

မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငွေးငွေးခိုင် သည် သက်ပြည့်အငြိမ်းစားယူပြီးဖြစ်ပါသဖြင့် ညွှန်ကြားရေးမှူး ဦးမိုးကျော် အား လက်ရှိရာထူးဖြင့် လွှတ်တော်ရုံးအကြီးအမှူးတာဝန်ပေးအပ်လိုက်သည်။

ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

အမှတ် ၇။ မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၈)၊ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးနီထွန်း အား မိမိ၏အလုပ်ဝတ္တရားများအပြင် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားမည်ဖြစ်သော မကွေးမြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၈)၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကံချွန်၏ အလုပ်ဝတ္တရားများကို ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၈)၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၏ အလုပ်ဝတ္တရားများကို ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးနီထွန်း သို့ လွှဲပြောင်းပေးပြီးသည့်နောက် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကံချွန် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈) ခွင့်ခံစားခြင်းနည်းဥပဒေ (၈၇) (၈၉) တို့အရ ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## သစ်တောဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၈၄၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)

သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး ဦးငွေမောင် (FD 00093) အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ပျမ်းမျှလစာဖြင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**AQUAASIA TECHNOLOGY LIMITED**

Notice Under Section 206 (1) of the Myanmar Companies Act

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the company held on (14.6.2021) the resolution that company was winding–up voluntarily and U Zin Wai (Certified Public Accountant) was appointed as a liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on (14.7.2021) or before that day.

Mr.SOO MIN LOONG MARCUS
DIRECTOR
AQUAASIA TECHNOLOGY LIMITED

U Zin Wai
B.Com (AA), CPA (210)
No. 295, 1st Floor, Anawrahtar Road
Lanmadaw Township,Yangon.

**Chan Chun Construction Co., Ltd**

Notice Under Section 206 (1) of the Myanmar Companies Act

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the company held on (14.6.2021) the resolution that company was winding–up voluntarily and U Zin Wai (Certified Public Accountant) was appointed as a liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on (14.7.2021) or before that day.

Kyo Shogi
Director
Chan Chun Construction Co., Ltd

U Zin Wai
B.Com (AA), CPA (210)
No. 295, 1st Floor, Anawrahtar Road
Lanmadaw Township,Yangon.

IN THE MATTER OF MYANMAR COMPANIES LAW SECTION 348

**GLOBAL A & M TRADING COMPANY LIMITED**

(In members' voluntary winding-up)

NOTICE OF RESOLUTIONS

At a Special General Meeting of the shareholders of the Company held at No.151, Bogyoke Aung San Street (Corner of Wardan Street), Room B.702–B.704, Tower B, Myawaddy Bank Luxury Complex, Lanmadaw Township, Yangon on 16–6–2021 the following Special Resolutions were duly passed:

**RESOLVED**

(1) That the company be wound up voluntarily by the members pursuant to Section 345 (b) of the Myanmar Companies Law.

(2) That Daw Nwe Yin Win, Certified Public Accountant be and hereby appointed as liquidator of Global A &M Trading Company Limited for winding–up, is authorized and be granted power to such extent and for suitable period necessary for the members voluntary winding–up.

**CLAIM NOTICE**

Notice Is Hereby Given That the creditors of the above named company which is being wound up voluntarily, are required on or before 18–7–2021 to send their names addresses and particulars of their debts or claims and shall prove their debts or claims to the Liquidators or in default thereof there will be excluded from the benefit of any distribution made before such debts are proved.

U Maung Maung Aye
Director
Global A & M Trading Company Limited
No.151, Bogyoke Aung San Street
(Corner of Wardan Street),
Room B.702–B.704, Tower B,
Myawaddy Bank Luxury Complex,
Lanmadaw Township, Yangon.

Daw Nwe Yin Win
B.Com, CPA
Liquidator
Complex 45, Tower B, Room No 606,
6th Floor, 45th Street,
Botahtaung Township, Yangon.

**D & A (Myanmar) Company Limited**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ အရ **D & A (Myanmar) Company Limited** ၏ စာရင်းများကိုရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်ရာ အစုရှင်များသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်ရက် | – | ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက် |
| ကျင်းပမည့်အချိန် | – | နံနက် (၉း ၃၀) နာရီ |
| ကျင်းပမည့်နေရာ | – | အမှတ်–၁၅၈၊ မြင်းဝန်ဦးအောင်သူလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

ဦးရှင်ငြိမ်း
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## အမ်.ဒဗလျူ. ဒီ ဒိုင်းမွန်း ကုမ္ပဏီ လီမိတက်
## (M.W.D Diamond Company Limited)

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ (၃၄၈) အရ ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် အတွက် အထူးဆုံးဖြတ်ချက်

(က) ၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့တွင် ကုမ္ပဏီ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအထူးအစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **အမ်.ဒဗလျူ.ဒီ ဒိုင်းမွန်း ကုမ္ပဏီ လီမိတက်** အား (၁၀.၆.၂၀၂၁) ရက်နေ့မှစ၍ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

(၂) ကုမ္ပဏီသည် ယင်း၏ ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးမြတ်လွင်မိုး B.Com (Q) CPA အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အထူးဆုံးဖြတ်ချက်ဖြင့် ခန့်အပ်ခဲ့ပြီး ဖြစ်ပါသည်။

(ခ) ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ခိုင်လုံသော အထောက်အထားများဖြင့် စာရင်းရှင်းလင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

DAW KHIN CHO WIN
Managing Director
M.W.D DIAMOND CO.,LTD

## ဘန်နင်း(င်) ဘွတ် (ရှ်) ကုမ္ပဏီ လီမိတက်
## (Burning Bush Company Limited)

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ (၃၄၈) အရ ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက်

(က) ၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့တွင် ကုမ္ပဏီ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအထူးအစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **ဘန်နင်း(င်) ဘွတ် (ရှ်) ကုမ္ပဏီ လီမိတက်** အား (၁၀.၆.၂၀၂၁) ရက်နေ့မှစ၍ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

(၂) ကုမ္ပဏီသည် ယင်း၏ ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးမြတ်လွင်မိုး B.Com (Q) CPA အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အထူးဆုံးဖြတ်ချက်ဖြင့် ခန့်အပ်ခဲ့ပြီး ဖြစ်ပါသည်။

(ခ) ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ခိုင်လုံသော အထောက်အထားများဖြင့် စာရင်းရှင်းလင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Mr. Chong Paul Martyr
Managing Director
Burning Bush Co., Ltd

ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

**အောင်မြင်ဝေစည် ငွေကြေး ကုမ္ပဏီ လီမိတက်**

**(ROARING SUCCESS FINANCE CO., LTD)**

ဖျက်သိမ်းရန် ကြေညာချက်

၁။ **အောင်မြင်ဝေစည် ငွေကြေး ကုမ္ပဏီ လီမိတက် (ROARING SUCCESS FINANCE CO., LTD)** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၇-၆-၂၀၂၁) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ) ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ B.Sc.,H.G.P, LL.B (Q), M.A (Business Law), PGDL (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃]** အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမောင်ရွှေ
မန်နေးဂျင်းဒါရိုက်တာ
ROARING SUCCESS FINANCE COMPANY LIMITED

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

NOTICE OF CESSATION TO CARRY ON BUSINESS
IN THE REPUBLIC OF THE UNION OF MYANMAR
BY OVERSEAS CORPORATION

**THAI CHUMSIN ENGINEERING COMPANY LIMITED (MYANMAR BRANCH)**

PURSUANT TO SECTION 55 (A) OF MYANMAR COMPANIES LAW

NOTICE IS HEREBY GIVEN THAT "**THAI CHUMSIN ENGINEERING COMPANY LIMITED (MYANMAR BRANCH)** (Reg. No. 114532878 dated 29–4–2013)" ceased to carry on its business in Myanmar starting from 15th March 2021.

The creditors of the above–named company are required on or before 18th July 2021 to send full particulars of all claims they may have against the company to the authorized officer or if so required by notice in writing from the authorized officer to come and prove their debts or claims set out in such notice or in default thereof they will be excluded from the benefit of any distribution made before such debts are proved.

U Khin Maung Toe
Authorized Officer
THAI CHUMSIN ENGINEERING COMPANY LIMITED
No.238/A–B, Thityarpin Street, Ward No.23,
Thingangyun Township, Yangon Region.

ပ၊ ထ၊ န - အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၂၀၄၅/ ၁၈-၆-၂၀၂၁။